# ရေဆင်းစပ်မျိုးပြောင်း

## မူရင်းဒေသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချွမ်ပြည်နယ်၊ နန်ခိုးလျှန်မျိုးစေ့လုပ်ငန်း ကုမ္ပဏီလီမိတက်မှ မျိုးကူးစပ် ထုတ်လုပ်သည့် မျိုးဖြစ်သည်။

## မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးမှု

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း (၆) ကြိမ် စမ်းသပ်စိုက်ပျိုးခဲ့သည်။ စမ်းသပ်စိုက်ပျိုးမှုအရ တစ်ဧကတင်း (၁၂၅-၁၆၀) တင်း ထွက်ရှိခဲ့ သည်။

## အရည်အချင်းလက္ခဏာများ

သက်တမ်းရက်- မိုးရာသီတွင် (၉၉)ရက်၊
ဆောင်းရာသီတွင်(၁၀၉)ရက် ။
အပင်အမြင့် - မိုးရာသီတွင်(၂၈၉)စင်တီမီတာ၊
အဖူးထိအမြင့်(၁၂၅)စင်တီမီတာ၊
ဆောင်းရာသီတွင်(၂၅၇)စင်တီမီတာ၊
အဖူးထိမြင့်(၆၉)စင်တီမီတာ ။



အဖူးထွက်ပုံ

ပုံသဏ္ဍာန် - ထောင်မတ်၍ထွက်သည်။
အဖူးအရွယ် - အဖူးအရှည် (၂၀.၈)စင်တီမီတာ၊
အစား - အဖူး၏အချင်း(၅.၁)စင်တီမီတာ၊
- အစေ့လိုင်း (၁၆)လိုင်း။

အစေ့(၁၀၀၀)
အလေးချိန် - ၄၀၁.၈ ဂရမ်၊
အစေ့အရောင် - လိမ္မော်ရင့်ရောင်။
အရွက်အရောင် - အစိမ်းရင့်ရောင်၊ ပြောင်းဖူးရင့် သည်အထိ အရွက်အစိမ်းရောင်ရှိသည်။
အမြစ်ဖွဲ့စည်းမှု- ကြီးထွားသန်စွမ်းသည်။
ထူးခြားမှု - ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး၊ ပိုးမွှားရောဂါဒဏ် ခံနိုင်သည်။

တစ်ဧကပျမ်းမျှ
အထွက်နှုန်း - ၁၂၅-၁၆၀ တင်း ။



## တစ်ဧကအထွက်အများဆုံးရရှိစေမည့်
## သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်

၁။ စိုက်ပျိုးမည့်မြေကို ထယ်ရေးနက်နက်၊ ထွန်ရေး ညက်ညက် ရရှိအောင် ပြုပြင်ပါ။

၂။ မြေပြုပြင်စဉ် သဘာဝမြေဩဇာကို ရနိုင်သမျှ ထည့်ပေးပါ။
- ဓာတ်မြေဩဇာကို မြေပြုပြင်စဉ်တွင် ယူရီးယား တစ်အိတ် (၅၀-ကီလို)၊တီစူပါတစ်အိတ် (၅၀)ကီလိုနှင့် ပိုတက်ရှ် အိတ်ဝက် (၂၅)ကီလို ကို ညီညာစွာ ကြဲပက်ထည့်ပေးပါ။

၃။ တစ်ဧက အပင်ဦးရေ (၂၃၂၃၂)ပင် ရရှိရန် တန်းကြား (၃၀)လက်မ၊ ပင်ကြား (၉)လက်မ စိုက်ပါ ။

၄။ စိုက်ကျင်းတစ်ကျင်းလျှင် မျိုးစေ့ (၂)စေ့စိုက်ပါ။

၅။ စိုက်ပြီး (၇)ရက်တွင် အပင်ပေါက် စုံ/မစုံ စစ်ဆေးပြီး၊ မပေါက်သော စိုက်ကျင်းများကို ချက်ချင်းဖာထေးစိုက်ပျိုးပါ။

၆။ စိုက်ပြီးသည်မှ တစ်လအတွင်း စိုက်ကျင်းနှင့် စိုက်ခင်းအတွင်း ရေမဝပ်စေရန် အထူးဂရုပြု ဆောင်ရွက်ပါ။

၇။ အပင်သက်တမ်း (၁၀-၁၄)ရက်သားတွင် စိုက်ကျင်း တစ်ကျင်းလျှင် ကျန်းမာသန်စွမ်းသည့် တစ်ပင်ချန်၍ သားခွဲပါ။

၈။ သားခွဲပြီးပါက ပထမအကြိမ်ပေါင်းရှင်းပေး၍၊ တစ်ဧက ယူရီးယား အိတ်ဝက် (၂၅) ကီလို ထည့်ပြီး ဘောင်တင်ပေးပါ။

၉။ အပင်သက်တမ်း (၃၀-၃၅)ရက် သားတွင် ဒုတိယအကြိမ် ပေါင်းရှင်းပေး၍ တစ်ဧက ယူရီးယားအိတ်ဝက် (၂၅) ကီလို ထည့်ပြီး ဘောင်တင်ပေးပါ။

၁၀။ ရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိအောင်စနစ်တကျ ရိတ်သိမ်းပါ။









လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

# U.H - 008 စပ်မျိုးပြောင်း

# စိုက်ပျိုးနည်း



သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် အပြည့်အဝ ကျင့်သုံး စိုက်ပျိုးပါက တစ်ဧကမှ ပျမ်းမျှ (၁၂၅-၁၆၀) တင်း ထွက်ရှိနိုင်ပါသည်။